အကယ်၍ ကျောင်းသားသို့ မဟုတ် အုပ်ထိမ်းသူမှ ကျောင်းအတိုင်းအတာထက်ကျော်လွန်၍ အကူအညီသို့ မဟုတ် ဝန်ဆောင်မှုများလိုအပ်ပါက အောက်ပါရုံးခန်းများသည် အထောက်ကူ ဖြစ်နိုင်ပါသည်။

| | |
|---|---|
| Attendance Services (Transcripts and Working Papers) | 816-3593 |
| Board of Education Operator | 816-3500 |
| Central Registration Center (School Registration and Transfers) | 816-3717 |
| Guidance and Counseling | 816-3702 |
| Health Related Services | 816-3912 |
| Home Schooling Office | 816-3715 |
| McKinney Vento Homeless Assistance | 816-3988 |
| Home Instruction | 816-3632 |
| Medical Leave Instruction | 816-3624 |
| Language Assessment | 816-3717 ext. 5 |
| Multilingual Education | 816-3048 |
| Neglected and Delinquent At Risk Youth Program | 816-3172 |
| Office of Care-Giver/Parent Advocacy | 816-4678 |
| Office of Parent/Family Engagement | 816-3170 |
| Security | 816-3707 |
| Special Education (pre-school, placement) | 816-3060 |
| Student Support Services (Suspension Hearings) | 816-3547 |
| Superintendent’s Office | 816-3575 |

Burmese

# ဘဖလိုးအစိုးရကျောင်းများ

# ကွန်မြူနတီတခွင် ကျင့်ဝတ်နှင့်ကြားဝင်ဖျန်ဖြေရေးအထောက်အကူပြု စံနှုန်းများ

# ၂၀၁၈-၂၀၁၉

# ကျောင်းသား ကျင့်ဝတ်စံများ

**Dr. Kriner Cash**
**Superintendent of Schools**

**www.buffaloschools.org**

## ဘာကြောင့် ကျင့်ဝတ်စံရှိရပါသလဲ?

ကျင့်ဝတ်စံ ထားရှိရသည့်ရည်ရွယ်ချက်မှာ ကျောင်းပရဝဏ်အတွင်း အန္တရာယ်ကင်းရှင်းရေးနှင့် စနစ်တကျရှိရေးကို မြင့်တင်ပေးမည့် အပြုအမူများအတွက် ရှင်းလင်းသည့်မျှော်မှန်းချက်များထားရှိနိုင်ရန်ဖြစ်သည်။ ဤအရာသည်လိုအပ်ပါသည်။ သို့မှသာကျောင်းသားများ ဖြစ်နိုင်သည့်အကောင်းဆုံးသင်ယူရေးပါတ်ဝန်ကျင်းရရှိနိုင်မည်ဖြစ်ပါသည်။

ယဉ်ကျေးမှု အပြုမူကောင်းများနှင့် တစ်ပါးသူပေါ်ဂရုစိုက်မှုနှင့်အတူ မိမိကိုယ်ကိုယ်စည်းကမ်းတကျနှင့်တာဝန်ရှိသူများကို သင့်လျော်သည့်လေးစားမှုများထားရှိရန်မှာ ကျောင်းများ စာနာသည့် လေ့လာသင်ယူနိုင်သည့်ပါတ်ဝန်းကျင်များဖြစ်ရန်လိုအပ်ပါသည်။

## ကျင့်ဝတ်စံထွန်းကားလာစေရန်အတွက် ကျောင်းသားများမှာ မည်သည့်အခန်းကဏ္ဍမှပါဝင်ပါသလဲ?

ကျောင်းအတွင်း ကျင့်ဝတ်စံလိုက်နာရေးနှင့် ဘေးအန္တရာယ်ကင်း စည်းကမ်းထိန်းသိမ်းရေးတွင် ကျောင်းသားများသည် အလွန်အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်ကြသည်။ ကျောင်းဆိုသည်မှာ သင်စပေလေ့လာရာနေရာဖြစ်သည်။ ဘေးအန္တရာယ်ကင်းစဉ်ရေးနှင့် အောင်မြင်သည့်နေရာဖြစ်စေရန် သင့်အကူအညီလိုအပ်လှသည်။

ကျင့်ဝတ်စံချိုးဖေါက်မှုများတွေ့ ရှိပါက ကျောင်းသားများသည် ဆရာ ကျောင်းအုပ်သို့ မဟုတ် အခြားကျောင်းဝန်ထမ်းများထံ ချက်ခြင်း အကြောင်းကြားရန်မျှော်လင့်ပါသည်။ ဤနေရာတွင် ကျောင်းပရဝုဏ်အတွင်း (ကျောင်းကားများအပါအဝင်) ကျောင်းလုပ်ငန်းဆောင်တာကိစ္စရပ်များတွင် လက်နက်ကိုင်ဆောင်ခြင်း မူးယစ်ဆေးဝါး အရက်သေစာများသုံးစွဲနေသလားဆိုသည်ကို ကျောင်းသား များမှ စောင့်ကြည့်ရခြင်းတို့ ပါဝင်ပါသည်။

## ကျောင်းသားများအားမျှော်မှန်းထားချက်များ?

အခြားသူများ၏ အန္တရယ်ကင်းရှင်းရေးနှင့်ကောင်းကျိုးချမ်းသာကိုရှေးရှု၍ ကျောင်းသားများသည် မိမိတို့ ကိုယ်တိုင်ပင်လျှင် သင့်လျော်သော ယဉ်ကျေးသည့်အပြုအမူများဖြင့်နေထိုင်ရန်မျှော်လင့်ပါသည်။

ကျင့်ဝတ်စံအရ ကျောင်းသားတစ်ယောက်အနေဖြင့်-

- မိမိအစွမ်းရှိသလောက်လုပ်ဆောင်၍ အမြင့်ဆုံးအောင်မြင်မှုရရှိအောင်ကျိုးစားရန်
- ကျောင်းတက်မှန်၍ အချိန်မှီအတန်းတွင်ရောက်ရှိပြီး လေ့လာသင်ယူရန်အတွက် အဆင်သင့်ဖြစ်နေရန်
- ကျောင်းဝတ်စုံစံအပါအဝင် သင့်လျော်သည့်ကျောင်းသားအပြုအမူအတွက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်
- စည်းကမ်းထိန်းသိမ်းရေးဆီရောက်သွားနိုင်သည့် ပြဿနာများကို ဖြေရှင်းရန် ကျောင်းဝန်းထမ်းများဆီမှအကူညီရယူပါ (ကျောင်းအကြံပေး လူမှုရေးဝန်ထမ်း Say Yes ဝန်ထမ်းများ)
- ဆရာများ ဝန်းထမ်းများ ကျောင်းအုပ်ချုပ်စီမံဆောင်ရွက်သူများနှင့် မိမိအတန်းဖေါ်များကို အပြုသဘောဆောင် လေးစားသည့်အပြုမူနှင့်ဆက်ဆံရန်
- မိမိလုပ်ဆောင်မှုအတွက် တာဝန်ယူပါ
- အခြားသူများကို ဒဏ်ရာရစေမည့် သို့မဟုတ် အန္တရာယ်ဖြစ်စေမည့်အခြေအနေများကို ကာကွယ် နိုင်မည့် မည်သည့်သတင်းအချက်အလက်မဆို ကျောင်းဝန်ထမ်းများအား တင်ပြရန်
- ကျောင်းပရဝဏ်အတွင်း ဘေးကင်း စနစ်တကျရှိစေရန် ပူးပေါင်းပါဝင်၍ အခြားသူများအား လေးစားမှုကို ပြသရန်
- ပေးအပ်သည့် ကျောင်းစာအားလုံး ပြီးမြောက်အောင်ဆောင်ရွက်ရန်
- ကျောင်းဝန်ထမ်း စီမံရေးသမားများ အုပ်ချုပ်ရေးများ၏ တောင်းဆိုမှုကို နားထောင်ရန်
- ကျောင်းပိုင်ပစ္စည်းများအား ရိုသေစွာ သုံးစွဲရန်
- ကျောင်းတွင် သင့်လျော်သည့်ဝတ်စုံသာ ဆင်မြန်းရန်
- သင့်လျော်သည့် စကားလုံးများသာသုံးစွဲရန်
- အခြားသူများကို ဒဏ်ရရစေမည့် သို့မဟုတ် အန္တရာယ်ဖြစ်စေမည့်အခြေအနေများကို ကာကွယ်နိုင်မည့် မည်သည့်အထောက်ကူပြုမည့် သတင်းအချက်အလက်မဆို ကျောင်းဝန်ထမ်းများအား တင်ပြရန် မျှော်လင့်ပါသည်။

## ကျင့်ဝတ်စံချိုးဖေါက်မှုမဖြစ်ခင် လုပ်သင့်သည့်အရာများ

- မိမိဆရာအား တင်ပြပါ
- ကျောင်းသားရေးရာ ရုံးသို့ (SST) သွားရန်ပြောပါ
- ၁၀ ထိရေပါ
- အသက်ပြင်းပြင်းရှူပါ
- ကျောင်းဝန်ထမ်းအားအကူညီတောင်ပါ

- အခက်ခဲကြုံသည့်အချိန်တွင် အထောက်ကူဖြစ်စေမည့် အစီအမံတစ်ခု ဆရာနှင့်ပူးပေါင်းဆောင်ရွက်ထားပါ
- အတန်းအတွက် ပြင်ဆင်ထားပါ
- အချိန်မှန်ပြီး အတန်းတွင်းပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါစေ
- မိမိအတွက်သတ်မှတ်ထားသောနေရာတွင် အမြဲရှိပါစေ
- မိဘ အဖိုးအဖွားနှင့် အခြား မိသားစုဝင်များကို ပြောဆိုဆွေးနွေးပါ

## ကျောင်းသားတစ်ယောက်အနေဖြင့် တာဝန်နှင့်ရပိုင်ခွင့်များ

### ကျောင်းသားတစ်ယောက်တွင်-

- ဥပဒေမှထောက်ပံ့ထားသည့်အတိုင်း အသက် ၅နှစ်မှ ၂၁အတွင်း မိမိတရားဝင်အုပ်ထိမ်းသူနေထိုင်သည့် ခရိုင်အတွင်းမှ ကျောင်းတွင် သင့်လျော်သည့် အခမဲ့အစိုးရပညာရေးရရှိတက်ရောက်ခွင့်
- မျှမျှတတဆက်ဆံခံရခွင့်နှင့် ကျောင်းသည် ကျောင်းသားအားလုံးအတွက် ဘေးအန္တရာယ်ကင်းစင်ပြီး စနစ်တကျနှင့် အဓိပ္ပါယ်ပြည့်ဝသည့်နေရာအဖြစ် မျှော်မှန်းပိုင်ခွင့်
- ကျောင်းဝန်ထမ်းများ အခြားကျောင်းသားများမှ ယဉ်ကျေးပြူငှာစွာ မျှတစွာ လေးစားမှုဖြင့်ဆက်ဆံခံရခွင့်
- မိမိအမြင်ကို စာဖြင့်သို့ မဟုတ် နှုတ်ဖြင့် ဖော်ပြခွင့်
- မိမိကိုယ်ရည်ကိုယ်သွေးကို ဖော်ပြနိုင်သည့် ဝတ်စုံမျိုးဝတ်ဆင်နိုင်ခွင့်
- သင့်လျော်သည့် ပညာရေးအခွင့်လန်းများ တန်းတူရရှိခွင့်
- အသားရောင် လူမျိုး မျိုးနွယ်စု ကိုးကွယ်သည့်ဘာသာ လိင် လိင်တိမ်းညွတ်မှု ကျား မ ခွဲခြားမှု နိုင်ငံသားဖြစ်မှု တိုင်းရင်းသားအုပ်စု နိုင်ငံရေးအမြင် အသက်အရွယ် သို့ မဟုတ် မသန်စွမ်းမှုအခြေနေတို့ ကို ပဓါနမထားပဲ ကျောင်းတွင်းလှုပ်ရှားမှုများ သာတူညီမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိခွင့်
- မူးယစ်ဆေးဝါးနှင့် အရက်သေစာနှင့်ပါတ်သက်သည့် ထိရောက် ထင်ရှားသည့်အချက်အလက်များ ရရှိခွင့်နှင့်အတူ ဆိုးဝါးသည့် ကိုယ်ရေးပြဿနာများကို တိုက်ရိုက်ကူညီနိုင်သည့် လူများ အေဂျင်စီများနှင့် ထိတွေ့ ဆက်ဆံနိုင်ခွင့်
- အသားရောင် လူမျိုး မျိုးနွယ်စု ကိုးကွယ်သည့်ဘာသာ လိင် လိင်တိမ်းညွတ်မှု ကျား မ ခွဲခြားမှု နိုင်ငံသားဖြစ်မှု တိုင်းရင်းသားအုပ်စု နိုင်ငံရေးအမြင် အသက်အရွယ် သို့ မဟုတ် မသန်စွမ်းမှုအခြေနေ ဂခြင်း ပိန်ခြင်း လူမျိုးတစ်မျိုးတကယ်ဖြစ်စေ အထင်ကြောင့်ဖြစ်စေ စသည်တို့ ကြောင့် ကျောင်းပုရဝုဏ်အတွင်း သို့ မဟုတ် ကျောင်းမှကြီးမှူးကျင်းပသည့် အခန်းအနား လုပ်ဆောင်မှုများတွင် ကျောင်းသားများမှ သို့ မဟုတ် ဝန်ထမ်းမှ ခွဲခြားခြင်း စော်ကားခြင်း လှောင်ပြောင်ခြင်းမှ ကာကွယ်ပိုင်ခွင့် ရှိသည်။

## ဘယ်ဝတ်စုံစံကို မိမိလိုက်နာသင့်သလဲ?

**ကျောင်းတွင်းဖြစ်စေ သို့ မဟုတ် ကျောင်းလုပ်ငန်းစဉ်တွင်ဖြစ်စေ ဝတ်စုံနှင့်ပါတ်သက်သည့် စည်းကမ်းသည်အလွန်အရေးပါသည်။ကျောင်းသွားရန်အဆင်သင့်ဖြစ်သည့်အခါ ပညာရေးလုပ်ငန်းစဉ်ကို အနှောက်အယှက်မဖြစ်မည့် သင့်လျော်သည့် ဝတ်စားဆင်ယဉ်မှုရှိစေရန် သတိထားပါ။ ဥပမာ-**

- ကျော်ပြောင် ရင်ပြောင် ရှေ့ ပေါ် နောက်ပေါ် ကြိုးတစ်ချောင်း ရင်းသားသာဖုံး အလွန်တိုသည့် စကတ် ဘောင်းဘီတို ထိုးဖေါက်မြင်နေရသည့် အဝတ်အစားများမဝတ်ပါနှင့်
- အတွင်းခံများကို လုံခြုံဖုံးကွယ်နိုင်သည့် သင့်လျော်သည့်အပေါ်ဝတ်များဝတ်ပါ ခါးထိရှည်သည့် ဘောင်းဘီမျိုး
- ဘေးကင်းသည့် သင့်လျော်သည့် ဖိနပ်မျိုးစီးပါ။ ဥပမာ မသင့်လျော်သည့်ဖိနပ်များတွင် ဖနောင့်ပေါ်နေသည့်ဖိနပ်များ (ခြေညှပ်ဖိနပ် အိပ်ခန်းတွင်းစီးဖိနပ်များ) ဖြစ်သည်။ ဤနှစ်ခုသာကန့် သတ်ထားသည်မဟုတ်ပါ။
- **ချွင်းချက်အနေဖြင့် ကျန်းမာရေးအရ စာရွက်စာတမ်း အထောက် အထားပြနိုင်မှရမည်။** ဦးခေါင်းနှင့်ဆိုင်သည့် မည်သည့်အရာမျှမဝတ်ပါနှင့် (ဦးထုပ် ခေါင်းဆောင်း ခေါင်းစွပ် ထိုအရာများသာမကပါ) ကျန်းမာရေး သို့ မဟုတ် ဘာသာရေးလိုအပ်ချက်ရှိပါက ချွင်းချက်ဖြစ်သည်။

- ပညာရေးကို ထိခိုက် အနှောက်ယှက်ဖြစ်စေနိုင်သည့် လှုပ်ပေါ်လော်လီ ညစ်ညမ်းသည့် အဝတ်စားမျိုးမဝတ်ပါနှင့်
- အဆောက်အဦးအတွင်းတွင် ခေါင်းစွပ်ပါသည့် ကုဒ် ဂျာကင်နှင့် အခြားအပေါ်ဝတ်များကို မဝတ်ပါနှင့်
- လုယက်မှုကို ဆွဲဆောင်နိုင်သည့် လက်ဝတ်ရတနာများ မဝတ်ပါနှင့်။ ဥပမာ တကွင်းလက်စွပ် လက်စွပ်များစွာ လက်လက် လက်လက် လည်စွဲများ သို့မဟုတ်ခါးပါတ် ခါးပါတ်ခေါင်းဖြုတ်နိုင်သည့်ခါးပါတ်များ ချိန်းကြိုးကဲ့သို့ ဆွဲကြိုးများ နင်ဂျာပုံစံကြယ်များ စသည်ဖြင့်။ ခါးပါတ်ကို အမြဲခါးပါတ်ခေါင်းတပ် ပါတ်ထားရမည်။
- ဂိုဏ်းအဖွဲ့ဝင်များနှင့်ဆက်စပ်ဖေါ်ပြသည့် အဝတ်စားမျိုး မဝတ်ပါနှင့်။

*****မှတ်ချက် -- ဝတ်စုံစံကိုချိုးဖေါက်သည့်ကျောင်းသားများသည် ချိုးဖေါက်သည့်အရာကို ဖုံး၍ဖြစ်စေ ဖယ်၍ဖြစ်စေ မိမိသဏ္ဍာန်ကို ပြောင်းလဲရန်လိုအပ်ပြီး အကယ်၍လိုအပ်ပါက လက်ခံနိုင်သည့် အရာဖြင့်လက်တွေ့ အစားထိုးရမည်။ လိုက်နာရန်ငြင်းဆိုပါက ဘဖလိုးအစိုးရကျောင်းများ ဝတ်စုံမူနှင့်အညီ စည်းကမ်းထိန်းသိမ်းခံရမည်။**

## လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်းနှင့်ပါတ်သက်သည့် စည်းမျဉ်းများ?

ကျောင်းသားတစ်ယောက်ထံမှ လက်ကိုင်ဖုန်းသိမ်းရပါက ဂန်ထမ်းသည် ချက်ခြင်းပင် ကျောင်းသား၏မိဘများ/အုပ်ထိမ်းသူများကို အကြောင်းကြားသည် (ဆက်သွယ်ရေးအတွက်) ကလေးနှင့်ဆက်သွယ်ရမည့်အခြားပုံစံများစီမံနိုင်ရန်ဖြစ်သည်။ ဘဖလိုးအစိုးရကျောင်းများ စံတွင် သိမ်းယူပါက မိဘ/အုပ်ထိမ်းသူများကို ချက်ခြင်းအကြောင်းကြားရန်လိုအပ်သည်ဟုပြဌာန်းပါရှိသည်။

1. ဆက်သွယ်ရေး လျှက်စစ်ပစ္စည်းများ (ပေ့ဂျာများ အိုင်ပေ့ါများ အိုင်ပက်များ လက်ကိုင်ဖုန်းများလက်တော့ပ်များတက်ဘလက်များ စသည်ဖြင့်) သိုမဟုတ် လျှက်စစ်ကစားစရာပစ္စည်းများ (X-Box, PlayStation စသည်ဖြင့်) ကိုယူလာဖို့ ဆုံးဖြတ်ကြခြင်းများမှာ ကျောင်းသား မိဘများ၏ ဆုံးဖြတ်ချက်သာဖြစ်သည်။

2. ကျောင်းပရဝုဏ်အတွင်း ထိုကဲ့သို့ ပစ္စည်းများ ပျောက်ရှ ထိခိုက် ခိုးခံရခြင်းများအတွက် ခရိုင်မှ တာဝန်မယူသည်ကို ကျောင်းသား မိဘ အုပ်ထိန်းသူများ သတိမူသင့်သည်။

3. ***ကျောင်းတွင်းဝင်သည်နှင့်တပြိုက်နက် လက်ကိုက်ဖုန်းများကို ကျောင်းသား ပစ္စည်းသိမ်းနေရာတွင်ထားခဲ့ရမည်။ ဖုန်းကို ပိတ်၍ သို့ မဟုတ် စက်အလုပ်မလုပ်နိုင်သည့်အခြေအနေမျိုးဖြင့်သိမ်းခဲ့ရမည်။

4. ***ကျောင်းအဆောက်အဦးတွင်းများနှင့် ကျောင်းကားများပေါ်တွင် ကျောင်းသားများ လက်ကိုင်ဖုန်း မကိုင်သင့် မသုံးရပေ။

5. ***ကျောင်းအတွင်း လက်ကိုင်ဖုန်း ကိုင်ဆောင်သုံးဆွဲသည့် မည်သည့်ကျောင်းသားထံမှမဆို ကျောင်းခရိုင်အုပ်ချုပ်ရေး သို့ မဟုတ် လုံခြုံရေးဂန်ထမ်းမှ သိမ်းယူခြင်းခံရမည်။

6. ထိုကရိယာများကျောင်းအတွင်း သိမ်းဆည်းခံရပါက မိဘ/အုပ်ထိန်းသူမှ ကျောင်းအုပ်ချုပ်ရေး မှူး နှင့်တွေ့ ဆုံ၍ ပြန်လည်ရယူနိုင်သည်။

7. ဤမူဂါဒကို ကျောင်းသားတစ်ဦးမှ အကြိမ်ကြိမ်ချိုးဖေါက်သည်ကိုတွေ့ရလျှင် ထိုကရိယာကို သိမ်းယူပြီး ခရိုင် လုံခြုံ/ဘေးကင်းရေး ရုံးသို့ပို့လိုက်မည်ဖြစ်သည်။ မိဘ/အုပ်ထိန်းသူမှ ထိုပစ္စည်း ပြန်ယူရန် စီစဉ်ရမည်။ ကျောင်းသားမှာမူ ဘဖလိုးအစိုးရကျောင်းများ စံနှုန်းအရ စည်းကမ်းထိမ်းသိမ်းခံရမည်ဖြစ်သည်။

8. ညစ်ညမ်းဓါတ်ပုံ သို့ မဟုတ် တရားမဝင်ဓါတ်ပုံများ မျှဝေခြင်း လက်လွှဲကူးပြောင်းခြင်း ရိုက်ကူးခြင်း ဖြန့် ဝေခြင်း စသည်တို့ ကို (ကြိုးမဲ့ဆက်သွယ်ရေးကရိယာများ) ဖြင့် ဖြန့် ဝေခြင်း သို့ မဟုတ် (အများအခေါ်မက်ဆေ့ချ်ပို့ အီးမေးပို့ လိင်အကြောင်းမက်ဆေ့ချ်ပို့ ) ခြင်းများသည် ပြည်နယ် သို့ /နှင့် ဗဟို ဥပဒေအရာ ရာဇဝတ်မှု ဖြစ်နိုသည်။ မည်သူမ

**ဆို ညစ်ညမ်းဓါတ်ပုံ သို့ မဟုတ် တရားမဝင်ဓါတ်ပုံများ ရိုက်ကူး ဖြန့် ဝေမျှဝေပါက ကျောင်းခရိုင်၏စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ခံရပြီး ဥပဒေထိန်းသိမ်းရေးအဖွဲ့ သို့ မဟုတ်/နှင့် အခြားသင့်လျော်သည့် ပြည်နယ် ဗဟု အေဂျင်စီများသို့ အကြောင်းကြားခံရပြီး အဖမ်းခံရခြင်း ရာဇဝတ်မှုဖြင့် တရားစွဲခံရခြင်းနှင့် တစ်ဘဝလုံး လိင်ပိုင်းဆိုင်ရာပစ်မှုကျူးလွန်သူအဖြစ် စာရင်းသွင်းခံရနိုင်သည်။**

9. ကျောင်းအုပ်ချုပ်ရေးဝန်ထမ်း ကျောင်းလုံခြုံရေး အစိုးရအေဂျင်စီမှ ဥပဒေထိန်းသိမ်းရေး အရာရှိများ ရဲများသည် သင့်လျော်သည့်လုပ်ငန်းဆောင်တာများလုပ်နိုင်ရန်အတွက် ဆက်သွယ်ရေး ကရိယာများ ပိုင်ဆိုင်ကိုင်ဆောင်ခွင့်ရှိသည်။

***မှတ်ချက် - ပညာရေးလိုအပ်ချက်တစ်ခုတည်းအရ ခရိုင်အနေနှင့် စာသင်ခန်းအတွင်း လိုအပ်ပါက လက်ကိုင်ဖုန်းအသုံးပြုခွင့် ခွင့်ပြုနိုင်သည်။ လျှပ်စစ်ပစ္စည်းများအသုံးပြုခွင့်ကို ကျောင်းအုပ်မှသာလျှင် ခွင့်ပြုနိုင်သည်။

## ကြားဝင်ဆောင်ရွက်မှုနှင့်တုန့်ပြန်မှုအဆင့်များ

ဘဖလိုးအစိုးရကျောင်းများ ကျတ်ဂတ်စံတွင်ဖေါ်ပြထားသည့် မျှော်မှန်းအပြုအမူများကို ကျောင်းသားများမှ ချိုးဖေါက်သည့်အခါ ကျောင်းဝန်ထမ်းနှင့်ကျောင်းအုပ်များမှ ချင့်ချင့်ချိန်ချိန် သင့်လျော်စွာ တစ်သမတ်တည်း တုံ့ပြန်ကြသည်။

ကျတ်ဂတ်စံဖေါက်ဖျက်မှုအတွက် တုံ့ပြန်ရန် ကျင့်ဝတ်စံလက်စွဲတွင် အဆင့်လေးဆင့် ပါဝင်သည်။

ကျူးလွန်မှုတစ်ခုစီတိုင်းသည် ၎င်းတုံ့ပြန် ကြားဝင်ဆောင်ရွက်မှုများ တစ်ခုသို့ မဟုတ်ပိုသည့် အဆင့်များနှင့်ရင်ဆိုင်ရမည်။ **အပြုအမူအတိုင်းအတွက် ကိုက်ညီသည့် အဆင့်များကိုသာ ကျောင်းဝန်ထမ်း နှင့်ကျောင်းအုပ်များက အသုံးပြုသည်။**

အကယ်၍ မသင့်တော် ရိုင်းစိုင်းသည့်အပြုအမူသည် နှစ်ခုသို့ မဟုတ် အထက်အဆင့်များဖြင့် ဖြေရှင်းရန် ချမှတ်ပါက ဖြစ်နိုင်သည့်မည်သည့်အချိန်တွင်မဆို စည်းကမ်းထိန်းသိမ်းတုံ့ပြန် ကြားဝင်ဆောင်ရွက်မှု့ အနိမ့်ဆုံးအဆင့်မှသာ ပထမဆုံးစတင်အသုံးပြုရမည်။ ဥပမာ ကျောင်းသားသည် ညွှန်ကြားချက်ကို လိုက်နာရန်ငြင်းဆိုပါက ကျောင်းဝန်ထမ်းနှင့်ကျောင်းအုပ်သည် အဆင့်၂ မတက်ခင် ကြားဝင်ဖျန်ဖြေမှု ဗျူဟာများနှင့်တုံ့ပြန်မှု အဆင့်၁ ကိုသာ ပထမဆုံးစတင်အသုံးပြုသင့်သည်။

ကျောင်းဝန်ထမ်းများနှင့် ကျောင်းအုပ်များ ကျောင်းအသားအပြုအမူကို တုံ့ပြန်သည့်အခါတွင် အကြောင်းအရာအချက်လက်များစွာကို ရယူရန်မျှော်လင့်ပါသည်။ အောက်ပါစာမျက်နှာများသည် ကြားဝင်ဖျန်ဖြေခြင်းနှင့်တုံ့ပြန်မှုအဆင့်များနှင့်ပါတ်သက်သည့် အချက်လက်များကို ထောက်ပံ့ထားပါသည်။

## မသင့်လျော်သော ဆိုးရွားသောအပြုအမူများနှင့် တုံ့ပြန်ပုံအဆင့် အဆင့်များ

**သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ**

| | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက်ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင်ရွက်ခြင်းလဲ စတင်မဆောင်ရွက်ရသေးပါက Classroom Support and Student Support Team (အတန်းတွင်းအကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့ ) သည် သင်လျော်နိုင်ပါသည်။ | **အဆင့်၂** - အပြုမှုဆိုးအတွက် အတန်းတွင်း အထောက်အပံ့ပေးပြီးသော်လည်း အပြုမှု ဆိုးဆက်လက်ဖြစ်ပေါ်နေပြီး အခြား ကျောင်းသားများ သင်ယူမှုကိုထိခိုက်ပါက Appropriate Administration (သင့်လျော်သည့် စီမံခန့် ခွဲမှု) သည် သင့်လျော်လျော်နိုင်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင်ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော်လည်း အပြုမှုဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ တော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့်လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမှုဆိုးသည် အခြား ကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request for Long Term Suspension ရေရှည် ကျောင်းမှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသောအပြုအမှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်းကြားကောင်းကြားသင့် |
|---|---|---|---|---|---|
| **ဗိုလ်ကျအနိုင်ကျင့်ခြင်း အွန်လိုင်းတွင်ဗိုလ်ကျခြင်းနှင့် ဂိုဏ်နှင့်ဆက်စပ် ကိစ္စများ** | | | | | |
| • (စာဖြင့် နှုတ်ဖြင့် သို့ မဟုတ် ကိုယ်ထိလက်ရောက်) သို့ မဟုတ် အီလက်ထရောနစ် ဆက်သွယ်ရေးဖြင့် တမင်တကာ ရည်ရွယ်၍ ပြုသည့်အပြုမှုသည် ကျောင်းလုပ်ငန်းဆောင်တာကို အနှောက်ယှက်ဖြစ်စေ၍ ခြိမ်းခြောက်သည့်အပြုအမှု | ● | ● | | | |
| • အလွန်အကျူးဗိုလ်ကျအနိုင်ကျင့်ခြင်း (ဥပမာ-အချိန်ပိုအစီအစဉ် သို့ မဟုတ် ပညာရေးအကျိုးကျေးဇူး သို့ မဟုတ် ကျောင်းသား၏ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်စွမ်းရည်ကို ဆိုးဆိုးဂါးဂါးထိခိုက်စေနိုင်သည့်အပြုမှုကို တမက်တကာအကြိမ်ဖန်များစွာပြုလုပ်ခြင်း | | ● | ● | ● | ● |
| **ဘတ်စ်ကားစည်းကမ်းချိုးဖေါက်ခြင်း** | | | | | |
| • ဘတ်စ်ကားပေါ်အသေးအဖွဲ့းအနှောက်ယှက်ပြုခြင်း (စားသောက်ခြင်း အသံကျယ်လွန်ခြင်းနှင့်မတ်တပ်ရပ်နေခြင်း | ● | ● | | | |
| • ကားပေါ် ဆိုးဆိုးဝါးဝါး အနှောက်ယှက်ပြုခြင်း | | ● | ● | ● | ● |
| **အတန်းပျက်ခြင်း** | | | | | |
| • အတန်းမတက်ခြင်း ပေါ်မလာခြင်း | ● | ● | | | |
| **အတန်းတွင်း အနှောက်အယှက်** | | | | | |
| • အလုည့်မကျပဲပြောခြင်း (သို့ ) အတန်းတွင်းစကားပြောခြင်း အရာဝတ္ထုများပစ်ခြင်း ကောက်ခြင်း အခြားတစ်ယောက်ကိုစခြင်း နှောက်ယှက်ခြင်းနှင့်သင်ကြားမှုကိုနှောက်ယှက်သည့်အခြားအပြုမှုများ | ● | ● | | | |
| **အာဏာဖီဆန်ခြင်း သို့ /နှင့် အမိန့် မနာခံခြင်း**<br>(အကြမ်းမဖက်/ကိုယ်ထိလက်ရောက်မဟုတ်) | | | | | |
| • ညွှန်ကြားချက်လိုက်နာရန်ပျက်ကွက်ခြင်း | ● | ● | | | |
| • ကျောင်းဝန်ထမ်း၏မေးခွန်းသို့ မဟုတ်တောင်းဆိုမှုများကိုတုံ့ပြန်ရန် ပျက်ကွက်ခြင်း | ● | ● | | | |
| • မိမိကိုယ်ကိုယ် (သို့ )အခြားသူများကို ထိခိုက်နိုင်စေသည့်အခြေအနေသို့ ဦးတည်သွားနိုင်ခြေရှိသည့် ညွှန်ကြားချက်လိုက်နာရန်ပျက် ကွက်မှု | ● | ● | ● | | |
| • မိမိကိုယ်ကိုယ် (သို့ )အခြားသူများကို ထိခိုက်နိုင်စေသည့်အခြေအနေသို့ တိုက်ရိုက် ဦးတည်သွားနိုင်သည့် ညွှန်ကြားချက်လိုက်နာရန်ပျက် ကွက်မှု | ● | ● | ● | | |

# မသင့်လျော်သော ဆိုးရွားသောအပြုအမူများနှင့် တုံ့ပြန်ပုံအဆင့်အဆင့်များ

**သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ**

| | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက်ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင်ရွက်ခြင်းလဲ စတင်မဆောင်ရွက်ရသေးပါက Classroom Support and Student Support Team (အတန်းတွင်း အကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့ ) သည် သင်လျော်နိုင်ပါ သည်။ | **အဆင့်၂ -** အပြုမှုဆိုးအတွက် အတန်းတွင်း အထောက်အပံ့ပေးပြီးသော်လည်း အပြုမှု ဆိုးဆက်လက်ဖြစ်ပေါ်နေပြီး အခြား ကျောင်းသားများ သင်ယူမှုကိုထိခိုက်ပါက Appropriate Administration (သင့်လျော်သည့် စီမံခန့် ခွဲမှု) သည် သင့်လျော် လျော်နိုင်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင်ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော်လည်း အပြုမှုဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ ဖော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့်လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမှုဆိုးသည် အခြား ကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request for Long Term Suspension ရေရှည် ကျောင်း မှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသော အပြုမှုများ | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်းကြားကောင်းကြားသင့် |
|---|---|---|---|---|---|
| **မလေးမစားအပြုအမူ** | | | | | |
| • မသင့်လျော်သော အပြုမှု လက်ဟန်ခြေဟန် ယုတ်ရင်းကြမ်းတမ်းသောစကား မှတ်ချက်များပြုလုပ်ခြင်း | ● | ● | | | |
| • နှုတ်ဖြင့် စော်ကားခြင်း အရှက်ခွဲခြင်း လိမ်လည်ခြင်း ကျောင်းဝန်ထမ်းအား အချက်လက်အမှားပေးခြင်း ယုံမှားစေခြင်း | ● | ● | ● | | |
| • အခြားလူတစ်ယောက်ကို စိတ်ပိုင်း (သို့ )ရုပ်ပိုင်း ထိခိုက်စေနိုင်သည့် နှုတ်ဖြင့် စော်ကားခြင်း အရှက်ခွဲခြင်း လိမ်လည်ခြင်း ကျောင်းဝန်ထမ်းအား အချက်လက်အမှားပေးခြင်း ယုံမှားစေခြင်း | ● | ● | ● | ● | ● |
| **အဝတ်အစားစံ ချိုးဖေါက်ခြင်း** | | | | | |
| စာမျက်နှာ ၃၀တွင် ဖေါ်ပြထားသည့် အဝတ်အစားစံများကို ကိုးကားပါ | ● | ● | | | |
| **မူးယစ်ဆေးဝါး (သို့ ) ဥပဒေနှင့်ကန့် သတ်ထားသောဆေးဝါး** (ကျောင်း နှင့် ကျောင်းမှထောက်ပံ့ထားသောလှုပ်ရှားမှုများတွင် သို့မဟုတ် ကျောင်း၏အကျိုးစီးပွါး (သို့ ) အန္တရယ်ကင်းစင်ရေးကို ထိခိုက်စေသော မတော်တဆမှုများနှင့်ပါတ်သက်နေသောအခါ ) | | | | | |
| • မူးယစ်နေသောအခါ | | ● | ● | ● | ● |
| • သုံးစွဲ သို့ မဟုတ် ဆောင်ရွက်နေသောအခါ | | | ● | ● | ● |
| • ရောင်းချ သို့ မဟုတ် ဖြန့် ဝေနေသောအခါ | | | | ● | ● |
| **ခိုးခြောက်ခြင်း** (ဥပမာ- ငွေ(သို့ )ပိုင်ဆိုင်မှု ကို သွယ်ဝိုက်၍ သို့ မဟုတ် ဟန့်ပြ (သို့ ) ခြိမ်းခြောက်၍ အခြားတစ်ယောက်ထံမှ ယူရန်ကျိုး စားခြင်း (သို့ ) ယူခြင်း) | | | | | |
| • မူကြိုမှ ၄ တန်းထိ | | ● | ● | | |
| • ၅တန်းမှ ၁၂ တန်း | | | ● | ● | ● |
| **မမှန်မကန် မီးလန့် အချက်ပေးခြင်း** | | | | | |
| • မူကြိုမှ ၄တန်းထိ | | ● | ● | ● | ● |
| • ၅တန်းမှ ၁၂တန်း | | ● | ● | ● | ● |

## မသင့်လျော်သော ဆိုးရွားသောအပြုအမူများနှင့် တုံ့ပြန်ပုံအဆင့် အဆင့်များ

**သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ**

| | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက်ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင်ရွက်ခြင်း လဲ စတင်မဆောင်ရွက်ရသေးပါက Classroom Support and Student Support Team အတန်းတွင်း အကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့ သည် သင်လျော်နိုင်ပါ သည်။ | **အဆင့် ၂ -** အပြုမူဆိုးအတွက် အတန်းတွင် အထောက်အပံ့ပေးပြီးသော်လည်း အပြုမူ ဆိုးဆက်လက်ဖြစ်ပေါ်နေပြီး အခြားကျောင်းသားများ သင်ယူမှုကို ထိခိုက်ပါက Appropriate Administration သင့်လျော်သည့် စီမံခန့် ခွဲမှုသည် သင့်လျော်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင်ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော်လည်း အပြုမူဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ စော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့်လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမူဆိုးသည် အခြားကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request for Long Term Suspension ရေရှည်ကျောင်းမှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသောအပြုအမူ | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်းကြားကောင်းကြားသင့် |
|---|---|---|---|---|---|
| **ရန်ဖြစ်ခြင်း** | | | | | |
| • ကျောင်းသားတစ်ယောက်နှင့်ကိုယ်ထိလက်ရောက်ရန်ပြုခြင်း(ဥပမာ- တွန်းထိုးခြင်း တိုးပွေ့ ခြင်း | ● | ● | | | |
| • အသေးဖွားခိုက်ရန်ဖြစ်ခြင်း (အသေးဖွားဒဏ်ရာရရှိစေသော မတော်တဆမှုများပါကောင်းပါမည်) | ● | ● | ● | | |
| **မီးမွှေးခြင်း/မီးရှို့ ခြင်း** | | | | | |
| • မီးမွှေးခြင်း မီးမွှေးခြင်းကြောင့် ဖြစ်လာသော ပျက်စီးမှုများ | | | ● | ● | ● |
| **လောင်းကစားခြင်း** | | | | | |
| • ငွေသို့ မဟုတ်အလဲအလှည်လုပ်နိုင်သည့်ပစ္စည်းများသုံးပြန်ရန်လိုအပ် | ● | ● | ● | | |
| **စကြ်န်တလျောက် အပြုမူဆိုး** | | | | | |
| • အမိုက်ပစ်ခြင်း ပြေးခြင်း ဆိုးဆိုးဂါးဂါးဆူညံသံပြုခြင်း | ● | ● | | | |
| **ကျောင်းအဖွဲ့ ဝင်များကိုဆန့် ကျင်ခြင်း အွန်လိုင်းအနောက်အယှက်အပါအဝင် ဘာသာ လူမျိုး ကျား မ လိင်တိမ်းညွတ်မှု မသန်းစွမ်းဖြစ်မှုအခြေနေတို့ ကိုအခြေခံ၍ ထိပါးနောက်ယှက်ခြင်း** | | | | | |
| • အသေးစား ထိပါးနောက်ယှက်မှု (ဥပမာ-နှုတ်ဖြင့်ခွဲခြားဆက်ဆံသည့်အပြုအမူ) | ● | ● | | | |
| • အပြင်းထန်ထိပါးနောက်ယှက်မှု (ဥပမာ- ရေရှည်ဆက်တိုက် နောက်ယှက်မှု) | | ● | ● | ● | ● |
| **အနောက်ယှက်ပြုလုပ်ရတွင် ပါဝင်ခြင်း (သို့ ) လှုံ့ ဆော်ခြင်း** | | | | | |
| • ထိရောက်စွာသင်ကြားရေးအတွက်လိုအပ်သည့် ကျောင်းစည်းကမ်းနှင့် အမိန့် အာဏာအခြေအနေကို ပြင်းစွာအနောက်ယှက်ဖြစ်စေသည့်အကြောင်းရင်း ဆူပူလှုပ်ရှားမှုစာသင်ခန်းပြင်ပ အနောက်အယှက် | | ● | ● | ● | ● |
| • တစ်ကိုရေးသုံးဆက်သွယ်ရေးကရိယာကိုအသုံးပြု၍ အခြားသူများကိုဆွဲဆောင်ကာ အနောက်ယှက်ပြုခြင်း | | ● | ● | ● | ● |

## မသင့်လျော်သော ဆိုးရွားသော အပြုအမူများနှင့် တုံ့ပြန်ပုံအဆင့် အဆင့်များ

သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ

| | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက်ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင်ရွက်ခြင်း လဲ စတင်မဆောင်ရွက်ရသေးပါက Classroom Support and Student Support Team အတန်းတွင်း အကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့ သည် သင်လျော်နိုင်ပါ သည်။ | **အဆင့်၂ -** အပြုမူဆိုးအတွက် အတန်းတွင် အထောက်အပံ့ပေးပြီးသော် လည်း အပြုမူ ဆိုးဆက်လက်ဖြစ်ပေါ်နေပြီး အခြားကျောင်းသားများ သင်ယူမှုကို ထိခိုက်ပါက Appropriate Administration သင့် လျော်သည့် စီမံခန့် ခွဲမှုသည် သင့် လျော် နိုင်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင်ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော်လည်း အပြုမူဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ ဖော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့် လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမူဆိုးသည် အခြားကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request For Long Term Suspension ရေရှည် ကျောင်းမှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသောအပြုအမူ | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်းကြားကောင်းကြားသင့် |
|---|---|---|---|---|---|
| **ကော်ရှုခြင်း** | | | | | |
| • ကျောင်းသားတစ်ယောက် ကော်ရှုနေသည် (သို့ ) ကော်မူးနေသည့်အနေအထားတွေ့ ပါက ကျန်းမာရေးမှူးထံ ချက်ခြင်းအကြောင်းကြားရမည်။ | | ● | ● | ● | ● |
| • သုံးစွဲ သို့ မဟုတ် လက်ဝယ်ထားရှိခြင်း | | | ● | ● | ● |
| • ရောင်းချခြင်း သို့ မဟုတ် ဖြန့် ဝေခြင်း | | | | ● | ● |
| **ကျောင်းဝန်ထမ်းများအား ကိုယ်ထိလက်ရောက်ရန်ပြုခြင်း** | | | | | |
| • မရည်ရွယ်ပဲ မတော်တဆ ထိခိုက်မိခြင်း | ● | ● | | | |
| • ကျောင်းဝန်ထမ်းများအား ထိုးနှက်ခြင်း ရန်ပွဲ (သို့ ) အခြားရုန်းရင်းဆန်ခတ်အခြေအနေအား ဖျန်ဖြေပေးသည့် ဝန်ထမ်းအားတိုက်ခိုက်ခြင်းအပါအဝင် ကျောင်းဝန်ထမ်းများ (သို့ )အခြားအရွယ်ရောက်ပြီးလူများအား ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း (မူကြို့မှ ၄တန်းထိ) | | ● | ● | ● | ● |
| • ကျောင်းဝန်ထမ်းများအားတိုက်ခိုက်ခြင်း (၅တန်းမှ ၁၂တန်းထိ) | | ● | ● | ● | ● |
| **ခွင့်မပြုသည့်အချိန်တွင် စားပွဲတင်လျှပ်စစ်ပစ္စည်းများ သုံးခြင်း** | | | | | |
| • လက်ကိုင်ဖုန်းများ အိုင်ပေါ့ လျှပ်စစ်ဂိမ်းပစ္စည်းများ PDA များ အသုံးပြုခြင်း- ပထမအကြိမ်ချိုးဖေါက်မှုတွင် သတိပေးမှုသာ လုပ်ရမည်။ပထမကြိမ်ချိုးဖေါက်မှု ပြီးမှသာ အဆင့်၁တုံ့ ပြန်မှုဖြင့်ဆောင်ရွက်ရမည်။ ဒုတိယအကြိမ်ချိုးဖေါက်မှုတွင် မိဘထံအကြောင်းကြားမည်။ | ● | ● | | | |
| • အခြားလူတစ်ယောက်ကို အန္တရာယ်ဖြစ်ရန်ခြိမ်းခြောက်မှုကို ဦးတည်စေသည့် လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း | ● | ● | ● | | |
| • အခြားလူတစ်ယောက်ကို တိုက်ရိုက် ရုပ်ပိုင်း (သို့ ) စိတ်ပိုင်း ထိခိုက်စေသည် ဟုသုံးသပ်ရမည့် လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း | | ● | ● | ● | ● |

## မသင့်လျော်သော ဆိုးရွားသောအပြုအမူများနှင့် တုံ့ပြန်ပုံအဆင့် အဆင့်များ

| သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက်ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင်ရွက်ခြင်း လဲ စတင်မဆောင်ရွက်ရသေးပါက Classroom Support and Student Support Team အတန်းတွင်း အကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့သည် သင်လျော်နိုင်ပါ သည်။ | **အဆင့်၂ -** အပြုမှုဆိုးအတွက် အတန်းတွင် အထောက်အပံ့ပေးပြီးသော်လည်း အပြုမှု ဆိုးဆက်လက်ဖြစ်ပေါ်နေပြီး အခြားကျောင်းသားများ သင်ယူမှုကို ထိခိုက်ပါက Appropriate Administration သင့် လျော်သည့် စီမံခန့် ခွဲမှုသည် သင့်လျော် နိုင်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင်ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော်လည်း အပြုမှုဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ စော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့်လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမှုဆိုးသည် အခြားကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request For Long Term Suspension ရေရှည် ကျောင်း မှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသောအပြုအမူ | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်းကြားကောင်းကြားသင် |
|---|---|---|---|---|---|
| **နံရံပန်းချီအပါအဝင် ပစ္စည်းများအဆောက်အဦးများဖျက်စီးခြင်း** | | | | | |
| • အသေးဖွဲ (သို့ ) မတော်တဆပျက်စီးမှု (ဒေါ်လာ ၅ဝအောက်) | ● | ● | | | |
| • အခြားတစ်ယောက် (သို့ ) ကျောင်းပိုင်ပစ္စည်းပျက်စီးမှု (ဒေါ်လာ ၅ဝ မှ ၅ဝဝ) | | ● | ● | ● | ● |
| • အခြားတစ်ယောက် (သို့ ) ကျောင်းပိုင်ပစ္စည်းပျက်စီးမှု (ဒေါ်လာ ၅ဝဝ) | | | ● | ● | ● |
| **ခွင့်ပြုချက်မဲ့ ကျောင်းပစ္စည်းများအသုံးပြုခြင်း** | | | | | |
| • ကွန်ပြူတာများ ဖုန်းများ စာပို့စက် စသည်တို့ အား အသုံးပြုခြင်း | ● | ● | | | |
| **အပြင်းထန် ခန္ဓာကိုယ်အား ဒဏ်ရာရစေခြင်း** | | | | | |
| • ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ပျက်စီးစေခြင်း ဆုံးရှုံးစေခြင်း ရုပ်ပျက်စေခြင်း သေလောက်အောင်ဖြစ်စေသောအကြောင်းများ | | | | ● | ● |
| **လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း ထိုးနှက်ခြင်း** | | | | | |
| • အတင်းအဓမ္မလိင်ပိုင်းဆိုင်ရာအပြုအမူ- မည်သည့်လိင်ပိုင်းဆိုင်ရာစော်ကားမှုမျိုးမဆို ကျောင်းဝန်ထမ်းအနေဖြင့် ရဲကိုဆက်သွယ်ရမည်။ | | | | ● | ● |
| **လိင်ပိုင်းဆိုင်ရာအခြေခံသည့် ချိုးဖေါက်မှုများ** | | | | | |
| • လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု (အလိုမတူပဲ လိင်အမြွတ်ထုတ်မှု စာဖြင့် (သို့ ) နှုတ်ဖြင့် ခန္ဓာကိုယ်ဖြင့် လိင်ပိုင်းဆိုင်ရာ အခွင့်ရေး တောင်းဆိုမှု စသည်ဖြင့်) | ● | ● | ● | ● | ● |
| • လိင်ပိုင်းဆိုင်ရာအပြုအမူ သို့ မဟုတ် လုပ်ဆောင်မှု (ဥပမာ- လိင်ပိုင်းဆိုင်ရာလုပ်ဆောင်မှုများတွင် ပါဝင်ခြင်း မမြင်အပ်သည်များပြသခြင်း) (မူကြိုမှ ၄တန်း) | ● | ● | ● | ● | ● |
| • လိင်ပိုင်းဆိုင်ရာအပြုအမူ သို့ မဟုတ် လုပ်ဆောင်မှု (၅တန်းမှ ၁၂ တန်း) | | ● | ● | ● | ● |

## မသင့်လျော်သော ဆိုးရွားသောအပြုအမူများနှင့် တုံ့ပြန်ပုံအဆင့် အဆင့်များ

**သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ**

| | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက်ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင်ရွက်ခြင်း လဲ စတင်မဆောင်ရွက်ရသေးပါက Classroom Support and Student Support Team အတန်းတွင်းအကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့ သည် သင်လျော်နိုင်ပါ သည်။ | **အဆင့် ၂ -** အပြုမူဆိုးအတွက် အတန်းတွင် အထောက်အပံ့ပေးပြီးသော်လည်း အပြုမူ ဆိုးဆက်လက်ဖြစ်ပေါ် နေပြီး အခြားကျောင်းသားများ သင်ယူမှုကို ထိခိုက်ပါက Appropriate Administration သင့် လျော်သည့် စီမံခန့် ခွဲမှုသည် သင့်လျော် နိုင်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင်ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော်လည်း အပြုမူဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ ဖော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့်လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမူဆိုးသည် အခြားကျောင်းသားများ၏ ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request for Long Term Suspension ရေရှည် ကျောင်း မှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသောအပြုအမူ | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်းကြားသင့် |
|---|---|---|---|---|---|
| **နောက်ကျခြင်း** | | | | | |
| • ကျောင်းသို့ မဟုတ်အတန်း သို့ အကြိမ်များစွာ (သို့ )အမြဲ နောက်ကျခြင်း | ● | ● | | | |
| **လက်ခံနိုင်သောနည်းပညာအသုံးပြုမှု ပေါ်လစီ ချိုးဖေါက်ခြင်း** | | | | | |
| • အသေးစိတ် စံနှုန်းများကို စာမျက်နှာ ၃၀ကို ကိုးကားပါ | ● | ● | | | |
| **နှုတ်ဖြင့်သို့ မဟုတ်စာဖြင့် ကျောင်းဝန်ထမ်းအား ခြိမ်းခြောက်ခြင်း** | | | | | |
| • မူကြိုမှ ၄တန်း | ● | ● | ● | ● | ● |
| • ၅တန်းမှ ၁၂တန်း | | ● | ● | ● | ● |
| **ခိုးယူမှု** | | | | | |
| • ဒေါ်လာ ၅၀၀အောက် | | ● | ● | | |
| • ဒေါ်လာ ၅၀၀အထက် (မူကြိုနှင့် မူလတန်းကလေးများအတွက် ရဲမခေါ်ရန်အကြံပြုလိုပါသည်။) | | | ● | ● | ● |
| **ဆေးရွက်ကြီးလက်ဝယ်ထားရှိမှု (သို့ )သုံးစွဲမှု** | | | | | |
| • ကျောင်းဝန်ထမ်းအနေဖြင့် ကျောင်းသားအားသင့်လျော်သည့် မူယစ်သုံးစွဲချိုးဖေါက်မှု အကြံပေးထံလွှဲအပ်ရန် လိုပါသည်။ | ● | ● | | | |
| **ကျူးကျော်ဝင်ရောက်ခြင်း** | | | | | |
| • ကျောင်းထုတ်ခံရချိန် (သို့ )ရပ်စဲခံထားရချိန်အပါအဝင် ကျောင်းဝင်းအတွင်းအခွင့်မရှိပဲ ဝင်ရောက်ခြင်း ချိုးဖေါက်ဝင်ရောက်ခြင်း | | ● | ● | ● | ● |
| **တရားမဝင်ရောင်းချ (သို့ )ဖြန့် ဝေခြင်း** (ဥပမာ- ဤကျင့်ဝတ်စံများထဲတွင်ဖေါ်ပြမထားသော အရာများအား တရားမဝင် ခွင့်ပြုချက်မရှိ ရောင်းချ (သို့ ) ဖြန့် ဝေခြင်း | | | | | |
| • ငွေကြေးတန်ဖိုးသိပ်မရှိသည့်အရာများ (ဒေါ်လာ ၅၀အောက်) | ● | ● | | | |
| • ငွေကြေးတန်ဖိုးမြင့်သည့်အရာများ | | ● | ● | | |

## မသင့်လျော်သော ဆိုးရွားသောအပြုအမူများနှင့် တုံ့ပြန်ပုံအဆင့် အဆင့်များ

**သော့ချက် : ပထမဆုံး အနိမ့်ဆုံးအဆင့်ကို သုံးပါ**

| | | | |
|---|---|---|---|
| **အဆင့် ၁ -** ကျောင်းသားတွင်နောက် ကျောင်း ရာဇဝင်မရှိ ကြားဝင်ဆောင် ရွက်ခြင်းလဲ စတင်မဆောင်ရွက်ရသေး ပါက Classroom Support and Student Support Team အတန်းတွင်း အကူညီနှင့် ကျောင်းသားကူညီရေးအဖွဲ့ သည် သင့်လျော်နိုင်ပါ သည်။ | **အဆင့် ၂ -** အပြုမူဆိုးအတွက် အတန်းတွင် အထောက်အပံ့ပေးပြီးသော် လည်း အပြုမူဆိုးဆက်လက်ဖြစ်ပေါ်နေ ပြီး အခြားကျောင်းသားများ သင်ယူမှုကို ထိခိုက်ပါက Appropriate Administration သင့် လျော်သည့် စီမံခန့် ခွဲမှုသည် သင့်လျော် နိုင်ပါသည်။ | **အဆင့် ၃ -** အကူညီနှင့် ကြားဝင် ဆောင်ရွက်မှု ဆောင်ရွက်ပြီးသော် လည်းအပြုမူဆိုး ပိုတိုးလာပါက (ထပ်ခါထပ်ခါ တော်ကား) Short Term Suspension ကျောင်းခေတ္တပေးနားခြင်းသည် သင့် လျော်နိုင်ပါသည်။ | **အဆင့်၄-** အပြုမူဆိုးသည် အခြား ကျောင်းသားများ၏ ဘေးကင်းလုံခြုံ ရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်လာပါက Request for Long Term Suspension ရေရှည် ကျောင်း မှရပ်စဲခြင်းသည် သင့်လျော်နိုင်ပါသည်။ |

| မသင့်လျော်သော ဆိုးဝါးသောအပြုအမူ | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | အဆင့် ၄ | ရဲသို့ အကြောင်း ကြားကောင်းကြားသင့် |
|---|---|---|---|---|---|
| **နှုတ်ဖြင့် (သို့ ) ကိုယ်ထိလက်ရောက် ကျောင်းသားအား ခြိမ်းခြောက်မှု** | | | | | |
| • အခြားကျောင်းသားတစ်ယောက်အား တိုက်ရိုက်ခြိမ်းခြောက် ခြင်း ကြမ်းတမ်းသည့်စကား (သို့ ) အမူအရာ သုံးခြင်း | ● | ● | ● | | |
| **လက်နက် ခဲယမ်းနှင့် ပေါက်ကွဲစေတတ်သောအရာများ** (ကျောင်း ကျောင်းကမကထပြုလုပ်သည့်လှုပ်ရှားမှုများ (သို့ ) ကျောင်း၏အကျိုးကျေးဇူး ဘေးအန္တရာယ်ကင်းစင်ရေးကိုထိခိုက် စေသည့် မတော်တဆမှုများတွင် ပါဝင်ဆက်စပ်သည့်အခါ | | | | | |
| • ပေါက်ကွဲစေတတ်သောအရများ (ဗျောက်အိုးများ မီးခိုးဗုန်း များ အပါအဝင် ပေါက်ကွဲစေတတ်သော ကရိယာ တန်စာပလာ (သို့ ) မီးလောင်စေတတ်သောမည်သည့်အရာမဆို ဖေါက်ခွဲခြင်း ဖေါက်ခွဲမည်ဟုခြိမ်းခြောက်ခြင်း ဖြန့် ဝေခြင်း ရောင်းချခြင်း လက် ဝယ်ထားရှိခြင်း။ လက်နက်အပြင် မီးလောင်လွယ်သော (သို့ ) ပေါက်ကွဲစေတတ်သော အရာများ (သို့ ) အမှုန်များ) | | | ● | ● | ● ရဲထံ လွှဲပြောင်းရမည်။ |
| • လက်နက်များ ( 18USC 921 ဖက်ဒရယ်ကုဒ်တွင်ဖေါ်ပြထား သကဲ့သို့ လက်နက်လက်ဝယ်ထားရှိခြင်း- ဥပမာ- ရိုင်ဖယ် ပုံး ပြောင်းတို ပြောင်းရှည်သေနတ်များ) | | | | ● | ● ရဲထံလွှဲ ပြောင်းရမည်။ |
| • အခြားသေနတ်များ (အခြားသေနတ်များ ကျည်ထည့်ထား သည် ဖြစ်စေ မထားသည်ဖြစ်စေ ပစ်ရသည်ဖြစ်စေ မရသည်ဖြစ် စေ သေနတ်နှင့်တူသောအခြားအရာများ ဥပမာ- ပဲသေနတ် ရေသေနတ် ဘီဘီသေနတ်များ လက်ဝယ်ထားရှိခြင်း | | | ● | ● | ● |
| • အခြားလက်နက်များ (ခန္ဓာကိုယ်အားထိခိုက်နာကျင်စေနိုင် သည့် အခြားလက်နက်များ သေနတ်များ လက်ဝယ်ထားရှိခြင်း) လက်နက်ဆိုင်ရာချိုးဖေါက်မှုအတွက် တစ်နှစ်ထက်မနည်း ကျောင်းထုတ်ရမည်ဟု ပြည်နယ်ဥပဒေမှ ပြဌာန်းထားသည်။သို့ သော် ပစ်မှုအခြေအနေအလိုက် ဘဖလိုးကျောင်းများမှ ပြင်ဆင် နိုင်သည်။ | | | ● | ● | ● ရဲထံ လွှဲပြောင်းရမည်။ |

# ၂၀၁၈-၂၀၁၉
# ပညာရေးဘုတ်အဖွဲ့ ဝင်များ

**Dr. Barbara A. Seals-Nevergold**
ဥက္ကဌ
အဖွဲ့ ဝင်ကိုယ်စားလှယ်

**Mrs. Sharon M. Belton-Cottman**
အလုပ်အမှုဆောင်ရေးရာ ဒုဥက္ကဌ
ဖယ်ရီ ခရိုင်

**Dr. Theresa A. Harris-Tigg**
ကျောင်းသားအောင်မြင်ရေး ဒုဥက္ကဌ
အရှေ့ ပိုင်းခရိုင်

**Mrs. Paulette Woods**
အလယ်ဗဟိုခရိုင်

**Ms. Jennifer Mecozzi**
အနောက်ပိုင်းခရိုင်

**Ms. Hope R. Jay**
မြောက်ပိုင်းခရိုင်

**Ms. Patricia A. Pierce**
အဖွဲ့ ဝင်ကိုယ်စားလှယ်

**Mr. Lawrence Quinn**
အဖွဲ့ ဝင်ကိုယ်စားလှယ်

**Mr. Louis Petrucci**
ပါတ်ခ် ခရိုင်

# ဘဖလိုးအစိုးရကျောင်းများ

**Dr. Kriner Cash**
**Superintendent of Buffalo Public Schools**

**Eric Jay Rosser, Ph.D.**
**Associate Superintendent of Student Support Services**

**Tonja Williams, Ed.D.**
**Assistant Superintendent of Student Support Services**

**Heath H. Frisch**
**Director of Student Support Services**

အသားရောင် အသက် လိင် ကျား မ လူမျိုး နိုင်ငံသား အသက်ရှယ် မသန်စွမ်း လိင်တိမ်းညွှတ်မှု အိမ်ထောင်ရေးအခြေအနေ စသည်တို့ ပေါ် မူတည်၍ ပညာရေး အစီအစဉ်များ ဝန်ဆောင်မှုများ လုပ်ဆောင်မှုများတွင် ပညာရေးဘုတ်မအဖွဲ့ မှခွဲ ခြားဆက်ဆံခြင်းမပြုလုပ်ပါ။

ခွဲခြားမဆက်ဆံရေးမူနှင့်ပါတ်သက်၍စုံစမ်းလိုပါက လူသားအရင်းမြစ် မြို့ နယ်ပညာရေးမှူးလက်ထောက် **Ms. Jamie Warren 720** မြို့ တော်ခန်းမ **Buffalo, NY 1420** ဖုန်းနံပါတ် **716-816-3500** သို့ ဆက်သွယ်နိုင်ပါသည်။

**www.buffaloschools.org**